**ဦးဟန်ဇော်ဝင်း (ပခုက္ကူမြို့နယ် မဲဆန္ဒနယ်အမှတ် - ၁)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးဘဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး လွှတ်တော် ပခုက္ကူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဟန်ဇော်ဝင်း ဖြစ်ပါတယ်။

ပခုက္ကူ - ပေါက် - ကျောက်ထု - ကံကြီး - မင်းတပ်လမ်းမကြီးသည် တိုင်းနှင့်ပြည်နယ် ဆက်သွယ်သောလမ်းဖြစ်သလို ပခုက္ကူခရိုင်နှင့် ဂန့်ဂေါခရိုင်ဆက်သွယ်သော ခရိုင်ချင်းဆက်လမ်းလည်း ဖြစ်ပါသည်။ ပခုက္ကူမြို့နယ်အတွင်း အဆိုပါလမ်းမကြီးပေါ်ရှိ မိုင်တိုင်အမှတ် (၁၆/၀)နှင့် (၁၆/၃)ကြား အလျား(၁၂၄၅)ပေ၊ အကျယ်(၂၈)ပေရှိ နတ်အင်းချောင်းသည် မိုးအခါတွင် ချောင်းရေများ ဖြတ်သန်းစီးဆင်းမှုကြောင့် ခရီးသည်များ စောင့်ဆိုင်းနေရသဖြင့် သွားလာရေး ခက်ခဲခြင်း၊ နွေအခါနှင့် ဆောင်းရာသီများတွင်လည်း သဲချောင်းဖြစ်သဖြင့် ကားဘီးများကျွံခြင်း၊ နစ်ခြင်းများ မကြာခဏကြုံတွေ့ကြရသဖြင့် ခရီးသွားပြည်သူများ ခရီးကြန့်ကြာခြင်းများ ဖြစ်နေရပါသည်။ အဆိုပါချောင်းသည် ပခုက္ကူ - ပေါက် - ကျောက်ထု - ကံကြီး - မင်းတပ်လမ်းမကြီးပေါ်တွင် ရေကျော်တည်ဆောက်ရန် ကျန်ရှိနေသည့် တစ်ခုတည်းသောချောင်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ခရီးသွားပြည်သူများ နွေ၊ မိုး၊ ဆောင်း သွားလာရေး အဆင်ပြေ လွယ်ကူချောမွေ့စေရန်အတွက် အဆိုပါချောင်းအား ရေကျော်တည်ဆောက်ပေးပါရန် အစီအစဉ်ရှိ/ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုပါသဖြင့် မဲဆန္ဒရှင်ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါသည်။

**ဦးတင်နွယ်ဦး ( ဝန်ကြီး၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန )။** ။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ လမ်းဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ပခုက္ကူ - ပေါက် - ကျောက်ထု - ကံကြီး - မင်းတပ်လမ်းပေါ်ရှိ မိုင်တိုင်အမှတ်(၁၆/၀ နှင့် ၁၆/၃)အကြားရှိ အလျား (၁၂၄၅)' ၊ အကျယ်( ၂၈ )' ရှိ နတ်အင်းချောင်းအား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးငွေလုံးငွေရင်း လျာထားရန်ပုံငွေကျပ်(၃၁၆.၀၀၀)သန်းဖြင့် ရေကျော်(၁)စင်း တည်ဆောက်ရန် တင်ပြတောင်းခံထားပေးမည် ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးတင့်ဆန်း ( ပွင့်ဖြူမြို့နယ် မဲဆန္ဒနယ်အမှတ် - ၂ )။** ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပွင့်ဖြူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်းပဲ ဖြစ်ပါတယ်ခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား-

ကျွန်တော်မေးမယ့် မေးခွန်းကတော့ မင်းဘူး - စလင်း(BOT)လမ်း၊ ပွင့်ဖြူမြို့နယ်၊ ရောက်တော - ဥယျာဉ်ကျစ်လမ်းဆုံပေါ်တွင် ရပ်နား၍ ခရီးသယ်တင် ယာဉ်ဂိတ်များအား ရွှေ့ပြောင်းပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား -

မင်းဘူး - စလင်းလမ်းပေါ်ရှိ ပွင့်ဖြူမြို့နယ်၊ ရှောက်တော - ဥယျာဉ်ကျစ်ကျေးရွာ လမ်းဆုံဟာဆိုရင် ရန်ကုန် - မန္တလေး - မေမြို့ - တောင်ကြီး - မူဆယ်သို့သွားသော ယာဉ်များ၊ ဆင်ဖြူကျွန်း - မကွေး - ကုန်းဇောင်းမှ ရန်ကုန် - မန္တလေးသို့သွားသော ယာဉ်များ၊ ဆိုင်ကယ်၊ စက်ဘီးများဟာဆိုရင် နေ့စဉ် အသွား အလာများပြီး အန္တရာယ်များစွာနှင့် နေ့စဉ်ကြုံတွေ့ရပြီး ခရီးသည် တင်ယာဉ်များဟာဆိုရင် စည်းမဲ့ကမ်းမဲ့ ပြီး ခရီးသည်များ တင်ဆောင်သောကြောင့် နေ့စဉ် သွားရေးလာရေး အခက်အခဲများရှိပြီး နှစ်စဉ်လိုလို ယာဉ်တိုက်မှုများဖြစ်ခြင်း၊ အသေအပျောက်များ ရှိခြင်း၊ ၎င်းလမ်းဆုံမှာဆိုရင် ယာဉ်ထိန်းရဲများ မရှိခြင်း များကြောင့် နေ့စဉ်ပြေးဆွဲသော ယာဉ်များဟာ ရပ်ချင်သလိုရပ်ပြီး ခရီးသည်များ တင်ဆောင်ခြင်း၊ ဈေးဆိုင် များသည်လည်း ဆည်ရေမြောင်းနှင့် လမ်းကြား(၅)ပေ အတွင်းတွင် ဈေးရောင်းချနေမှုများကြောင့် ယာဉ်တိုက်မှုများဟာ မကြာခဏဆိုသလို ကြုံတွေ့နေရပါသည်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား -

မင်းဘူး - စလင်း - ဆင်ဖြူကျွန်းလမ်းဖြစ်သော ရှောက်တော - ဥယျာဉ်ကျစ်လမ်းဆုံမှ ယာဉ် အန္တရာယ်ကင်းစင်ရေး၊ ယာဉ်တိုက်မှုများ မပေါ်ပေါက်စေရေးအတွက် ယာဉ်ရပ်နားရေး စခန်းတစ်ခု လိုအပ် နေပါတယ်။ သို့ပါသောကြောင့် ရှောက်တော - ဥယျာဉ်ကျစ်လမ်းဆုံနေရာတွင် ရှိသော ခရီးသည်တင် မော်တော်ယာဉ်များအား ရွှေ့ပြောင်းပေးရန် အစီအစဉ်ရှိ/ မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မကွေး တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ မေးမြန်းရပါတယ် ခင်ဗျား။ အားလုံးကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ။

**ဦးတင်နွယ်ဦး ( ဝန်ကြီး၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန )။ ။**

မင်းဘူး - စလင်း - ဆင်ဖြူကျွန်းလမ်းဖြစ်သော ရှောက်တော - ဥယျာဉ်ကျစ်လမ်းဆုံသည် ပွင့်ဖြူမြို့နယ်၊ ပွင့်ဖြူမြို့မ ရဲစခန်းအပိုင်တွင် တည်ရှိပြီး ပွင့်ဖြူမြို့ နှင့် ( ၂ )မိုင် ( ၇ )ဖာလုံခန့်၊ စလင်းမြို့နှင့် (၁၀)မိုင်ခန့် ကွာဝေးပါသည်။ ပွင့်ဖြူမြို့နယ် ရှောက်တော - ဥယျာဉ်ကျစ် လမ်းဆုံပေါ်တွင် ရပ်နားပြေးဆွဲလျက်ရှိသော ခရီးသည်တင်မော်တော်ယာဉ်အသင်း (၁၃)သင်းခန့်ရှိပြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန၊ မကွေးတိုင်းဒေသကြီးရုံးမှ ခွင့်ပြုချက်ရယူ ပြေးဆွဲလျှက်ရှိသော်လည်း ပြေးဆွဲရမည့်ခရီးစဉ် ဂိတ် အစ/ အဆုံးကိုသာ ခွင့်ပြုထားပြီးဖြစ်ပါသည်။

ဥယျာဉ်ကျစ် - ရှောက်တောလမ်းဆုံတွင် လက်ဖက်ရည်ဆိုင်နှင့် ထမင်းဆိုင်ဖွင့်လှစ်သော ဦးမဲတူနှင့် ဦးဖိုးသန်းတို့မှ ကားလက်မှတ်များကို ရောင်းချပေးလျက် ကားလမ်းဘေးရှိ ၎င်းတို့ဆိုင်အနီးတွင် ခရီးသည် တင်ယာဉ်များမှ ရပ်တန့်လျက် ဟိုက်ဝေးခရီးသည် တစ်နေ့လျှင် (၁၀)ဦးခန့်၊ မင်းဘူး - မကွေး ခရီးသည် (၃၀)ဦးခန့် တင်ဆောင်သွားလေ့ရှိပြီး ကုန်တင်ယာဉ်များ တစ်နေ့(၅)စီးခန့် ခေတ္တရပ်နားလေ့ရှိကာ ခရီး သည်ယာဉ်များ၊ ကုန်တင်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ သွားလာနေကြသော်လည်း နှစ်လမ်းသွား ယာဉ်ကြောဖြစ်သဖြင့် ယာဉ်အန္တရာယ်ဖြစ်ပွားမှု နည်းပါးပါသည်။

ပွင့်ဖြူမြို့နယ်၊ ပွင့်ဖြူမြို့မရဲစခန်းအပိုင်တွင် ၂၀၁၆ ခုနှစ်အတွင်း ယာဉ်တိုက်မှုပေါင်း (၃၂)မှု ဖြစ်ပွား ခဲ့ပြီး ရှောက်တော-ဥယျာဉ်ကျစ်လမ်းဆုံအနီး၌ ( ၂ )မှု ဖြစ်ပွားခဲ့ပါသည်။ ၂၀၁၇ ခုနှစ်အတွင်း ယာဉ်တိုက်မှု ပေါင်း(၃၂)မှု ဖြစ်ပွားခဲ့ပြီး ရှောက်တော- ဥယျာဉ်ကျစ်လမ်းဆုံအနီး၌ (၄)မှု၊ လမ်းဆုံတည့်တည့်၌ (၁)မှု၊ ပေါင်း(၅)မှု ဖြစ်ပွားခဲ့ပါသည်။ ၂၀၁၈ ခုနှစ်အတွင်း ယာဉ်တိုက်မှုပေါင်း (၄၁)မှု ဖြစ်ပွားခဲ့ပြီး ရှောက်တော - ဥယျာဉ်ကျစ်လမ်းဆုံအနီး၌ (၄)မှုဖြစ်ပွားခဲ့ပါသည်။ ပွင့်ဖြူမြို့နယ်ရဲတပ်ဖွဲ့မှ ယာဉ်တိုက်မှု မဖြစ်ပွားစေရေး

နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်နိုင်ရန် ရဲတပ်ဖွဲ့ဝင်(၁)ဦးအား နေ့စဉ်တာဝန်ချထားပေးကာ မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ အစီအစဉ်ဖြင့် ပွင့်ဖြူမြို့နေ ပြည်သူလူထုနှင့် ခရီးသွားပြည်သူများ၏ အသက်အန္တရာယ် ကင်းရှင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။

ခရီးသည်တင် မော်တော်ယာဉ်များ၏ သဘောသဘာဝအရ ခရီးသည်အဝင်/အထွက် အသွားအလာပေါများသည့် နေရာဒေသဖြစ်ခြင်းသည် ခွင့်ပြုထားခြင်းမဟုတ်သော်လည်း ဆက်လက် ဆောင်ရွက်နေမည်ဆိုပါက ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲညှိနှိုင်းမှုဌာန) အနေဖြင့် အဆိုပါ ယာဉ်အသင်းများအပေါ် စည်းကမ်းနှင့်အညီ အဆင့်ဆင့်စီမံကြီးကြပ်ဆောင်ရွက်သွားမည့်အပြင် မင်းဘူး - စလင်း - ဆင်ဖြူကျွန်းလမ်းဖြစ်သော ရှောက်တော - ဥယျာဉ်ကျစ်လမ်းဆုံတွင် ခရီးသည်တင်မော်တော်ယာဉ်များ ရပ်တန့်၍ ခရီးသည်တင်ဆောင်ခြင်းများအားမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၊ မြို့နယ်လမ်းဦးစီးဌာနတို့မှ စနစ်တကျ ပူးပေါင်းဆောင်ရွက်စေရေးစစ်ဆေးကြပ်မတ်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးကျော်လွင် ( ဆင်ပေါင်ဝဲမြို့နယ်မဲဆန္ဒနယ်အမှတ် - ၂ )။** ။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွလွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ရုံးဝန်ထမ်းများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျာ။

ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်လွင် ဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော့်အနေနဲ့ မေးမြန်းသွားမှာကတော့ ဆင်ပေါင်ဝဲမြို့နယ်ကားလမ်း တောညောင်ပင်သာ ကျေးရွာအုပ်စု၊ ပိတောက်စမ်းကျေးရွာနှင့်အင်ပင်လှကျေးရွာတို့ ဆက်သွယ်သည့်လမ်းအား ရေမြောင်းအပါအဝင် မြေသားလမ်း ဖောက်လုပ်ပြီးမြေသားလမ်းအား မြေနီကျောက်စရစ် ခင်းပေးနိုင်ရန်အတွက် တောင်းဆိုသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၎င်းကျေးရွာဖြစ်သည့် ပိတောက်စမ်း ကျေးရွာကလေးသည် ၂၀၁၆ ခုနှစ်မှာ ပြည်ထဲရေးအမည်ပေါက် ကျေးရွာဖြစ်ပြီး ၎င်းကျေးရွာသည် ဖွံ့ဖြိုးရေး ဘာတစ်မျှ မရရှိသေးတာကိုကျွန်တော်နှင့် ကျေးလက်လမ်းဦးစီးဌာနမှ ဦးစီးအရာရှိပါခေါ်ပြီး လမ်းမိုင်နှင့် လမ်းပေအကျယ်ပေးရန်ကျေးရွာပြည်သူများနှင့်အတူ (၁၈-၁၁-၂၀၁၈) ရက်နေ့တွင် မြေပြင်ကွင်းဆင်း၍ တိုင်းတာဆောင်ရွက်ခဲ့ကြပါသည်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၎င်းကျေးရွာသို့ ကွင်းဆင်းစဉ်က အဓိကတင်ပြ တောင်းဆိုမှုများကတော့ ပြည်သူများအနေဖြင့် အဓိကဖြစ်သည့်လမ်းကို တင်ပြတောင်းဆိုတာ တွေ့ရပါတယ်။ ပြည်သူများ၏ လိုအင်ဆန္ဒဖြစ်သည့် လမ်းကောင်းရင် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး စသည်တို့ကို လွယ်ကူစေရန်၎င်းလမ်းမိုင်အရှည်ဖြစ်တဲ့ (၄)မိုင်အား မြေသားလမ်းဖောက်လုပ်ပြီး မြေသားလမ်းအပေါ် မြေနီကျောက်စရစ် ခင်းပေးပါရန် တောင်းဆိုလာကြပါတယ်။ ၎င်းကျေးရွာသည် အမှန်တကယ်လဲ လိုအပ်ပါတယ်။ ဒါကြောင့် ကျွန်တော်နှင့် ကျေးလက်လမ်းဦးစီးဌာနမှ ဦးစီးအရာရှိနှင့်တကွ ရောက်ရှိပြီးဖြစ်ပြီး ပြည်သူများ၏ လိုအင်ဆန္ဒများကို ဖြည့်ဆည်းရာလည်း ဖြစ်တဲ့အတွက် ကျွန်တော်တောင်းဆိုထားတဲ့ မြေသားလမ်း

ရေမြောင်းအပါ မြေနီကျောက်စရစ်ခင်းပေးပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးထံသို့ တင်ပြတောင်းဆိုပေးပါရန် လေးစားစွာ တင်ပြတောင်းခံအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျ။

**ဦးတင်နွယ်ဦး ( ဝန်ကြီး၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန )။** ။ ပိတောက်စမ်းကျေးရွာနှင့် အင်ပင်လှကျေးရွာတို့ ဆက်သွယ်သည့်လမ်းပိုင်းသည် ကိုးပင် - သာဂရလမ်းမှ အင်ပင်လှ - ပိတောက်စမ်းလမ်းပေါ်တွင် ပါဝင်ပြီး ကိုးပင်-သာဂရလမ်းမှ အင်ပင်လှကျေးရွာအထိ ( ၂/၀ ) မိုင် မြေနီကျောက်စရစ်လမ်းပိုင်း၊ အင်ပင်လှမှ ပိတောက်စမ်းထိ (၄/၀)မိုင် မြေသားလမ်းပိုင်း၊ စုစုပေါင်း လမ်းအရှည်(၆/၀)မိုင် ရှိသော Class A အဆင့် ဦးစားပေးအဆင့်( ၂ ) လမ်းအမျိုးအစားဖြစ်ပါသည်။

အဆိုပါ ကိုးပင် - သာဂရလမ်းမှ အင်ပင်လှ - ပိတောက်စမ်းလမ်းရှိ အင်ပင်လှ - ပိတောက်စမ်း လမ်းပိုင်း(၄/၀)မိုင်အား မြေသားတာဘောင်ချဲ့၍ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာ( ၂ )ရွာ၊ အိမ်ခြေ(၁၇၄)၊ လူဦးရေ(၆၄၃)တို့အား အကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းအား ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ဆောင်ရွက်ပေးနိုင်ရန် လျာထားပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမောင်ကို ( မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ် - ၂ )။** ။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ မင်းလှမြို့နယ်မဲဆန္ဒနယ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ကို ဖြစ်ပါတယ်။ ကျွန်တော့်အနေနှင့် ပြည်သူများကိုယ်စား သိလိုတဲ့မေးခွန်းကတော့ မင်းလှမြို့နယ်၊ အနောက်ဘက်ခြမ်း ပုသိမ် - မုံရွာကားလမ်း၊ အနောက်ဘက် မီးလောင်ကုန်းရွာ၊ ဘန့်ပြင်ရွာ၊ ပုသိမ် - မုံရွာ(၇)မိုင် (၆)ဖာလုံအား ရာသီမရွေးသွားလာနိုင်သည့်လမ်း ဖောက်လုပ်ပေးရေး ရည်ရွယ်ပြီး မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား

ကျွန်တော်တို့ မင်းလှမြို့နယ်၊ အနောက်ဘက်ခြမ်းမှာ ပုသိမ် - မုံရွာကားလမ်းမကြီး ရှိပါတယ်။ မင်းလှမြို့နယ်တွင် တိုက်နယ်(၆)ခုရှိပြီး၊ ရှမ်းတပ်တိုက်နယ်ဟာ ပုသိမ် - မုံရွာကားလမ်းဝဲယာတွင် တည်ရှိပြီး မင်းတုန်းမြို့နယ်နှင့် မြို့နယ်ချင်းဆက် တိုက်နယ်လည်း ဖြစ်ပါတယ်။ ၎င်းရှမ်းတပ်တိုက်နယ်တွင် ပုသိမ် - မုံရွာကားလမ်း၏အနောက်ဘက် မီးလောင်ကုန်းရွာ၊ ဘန့်ပြင်ရွာ၊ စမ်းလယ်ရွာအစရှိသည့် ရွာ(၃)ရွာမှာ တြိဂံပုံတည်ရှိနေပါတယ်။ ရေကြည်အမည်ရှိ ချောင်းဟာလည်း ၎င်းရွာ(၃)ရွာအား ကွေ့ဝိုက်စီးဆင်းသွားပါတယ်။ မီးလောင်ကုန်းကျေးရွာ၏ အနောက်ဘက်တွင် ချင်းတိုင်းရင်းသားကျေးရွာများ တည်ရှိပြီး ၎င်းမီးလောင်ကုန်းရွာကိုပဲ အစစ အရာရာ မှီခိုနေရပါတယ်။

| | | | | | | |
|---|---|---|---|---|---|---|
| မီးလောင်ကုန်းကျေးရွာအိမ်ခြေ | - | ၂၃၅ အိမ် | လူဦးရေ | - | ၁၁၀၈ ဦး |
| ဘန့်ပြင်ကျေးရွာအိမ်ခြေ | - | ၂၅၀ အိမ် | လူဦးရေ | - | ၁၀၁၂ ဦး |
| စမ်းလယ်ကျေးရွာအိမ်ခြေ | - | ၉၀ အိမ် | လူဦးရေ | - | ၃၃၅ ဦး |

စုစုပေါင်းအိမ်ထောင်စု - ၅၇၅ အိမ်နှင့် လူဦးရေ - ၂၄၄၅ ဦး

ရှိပါသည်။

မီးလောင်ကုန်းရွာ၊ ဘန့်ပြင်ရွာ - ပုသိမ်မုံရွာကားလမ်းမှာ (၇)မိုင် (၆)ဖာလုံလမ်းအား နွေ၊ မိုး၊ ဆောင်းရာသီမရွေးသွားလာနိုင်သည့်လမ်း ဖောက်လုပ်ပေးပါက ၎င်းလမ်းအား မှီခိုမည့် မီးလောင်ကုန်း၊ ဘန့်ပြင်၊ စမ်းလယ်ကျေးရွာများမှ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်လာမည့်အပြင် အနောက်ဘက်တွင် တည်ရှိသည့် မီးလောင်ကုန်းရွာအား မှီခိုနေရသည့် တောင်ပေါ် အရှိချင်းတိုင်းရင်းသားများပါ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာကြမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မီးလောင်ကုန်းရွာ၊ ဘန့်ပြင်ရွာ - ပုသိမ် - မုံရွာကားလမ်း(၇)မိုင် (၆)ဖာလုံအား အမြန်ဆုံးဖောက်လုပ်ပေးနိုင်ပါရန်နှင့် မည်သည့်ဘဏ္ဍာနှစ်အတွင်း ပြုလုပ်ပေးနိုင်မည်ကို သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တိုင်းအစိုးရအဖွဲ့သို့ ပြည်သူများကိုယ်စား လေးစားစွာဖြင့် မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

**ဦးတင်နွယ်ဦး ( ဝန်ကြီး၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန )။** ။ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ မီးလောင်ကုန်းကျေးရွာအုပ်စု၊ မီးလောင်ကုန်း၊ မကြီးကုန်း၊ ဘန့်ပြင်ကျေးရွာအုပ်စု၊ ဘန့်ပြင်ကျေးရွာမှ ပုသိမ် - မုံရွာကားလမ်းသို့ ဆက်သွယ်ထားသော မီးလောင်ကုန်း - ဘန့်ပြင် - (ပုသိမ် - မုံရွာ)လမ်းသည် Class-A ဦးစားပေး( ၂ )၊ မြေသားလမ်းအဆင့်ရှိသော လမ်းဖြစ်ပါသည်။ လမ်းမိုင်အရှည်မှာ(၆/၆)မိုင်ရှိပါသည်။ အဆိုပါလမ်းသည် နွေရာသီတွင် အသင့်အတင့် သာကောင်းမွန်ပြီး မိုးရာသီတွင် သွားလာရန် အလွန်ခက်ခဲသော လမ်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် အဆိုပါလမ်းပိုင်းအား ၂၀၁၈ -၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ဆောင်ရွက်ပေးနိုင်ရန် လျာထားပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

အဆိုပါလမ်းဆောင်ရွက်ပေးမည်ဆိုပါက မီးလောင်ကုန်း - ဘန့်ပြင်(ပုသိမ် - မုံရွာ)လမ်းပေါ်ရှိ ကျေးရွာ(၃)ရွာ၊ အိမ်ခြေ(၅၇၅)အိမ်၊ လူဦးရေ(၂၄၄၅)ဦးတို့အပြင် မီးလောင်ကုန်းကျေးရွာ အနောက်ဘက်ရှိ ရေရင်၊ ကျောက်စည်၊ ငရပ်ကောင်း(တောင်၊မြောက်)၊ ရဖုံ၊ ချောင်းသာ၊ တောင်ဖီလာ၊ ဒင်းဘုန်း၊ ဆက်သွားကုန်း၊ ဝသွယ်၊ တောင်ပေါ်အရှိချင်းရွာ (၉)ရွာ၏ ပညာရေး၊ ကျန်းမာရေးသာမက လူမှုစီးပွားများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးတင့်လွင် (ရေနံချောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်-၂)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါဟု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရေနံချောင်းမြို့နယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်လွင် ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

လက်ရှိအစိုးရတာဝန်မယူမီ ၂၀၁၅ မတိုင်မီ ယခင်အစိုးရလက်ထက်က အိန္ဒိယမှ လှူဒါန်းခဲ့သည်ဟု သိရှိရသော 4010 NEW HOLLAND ထွန်စက်အစီး(၃၀)နှင့် GRAVES လက်တွန်းထွန်စက် အစီး (၂၀)တို့ ရှိခဲ့သည်ဟု လေ့လာတွေ့ရှိရပါသည်။ ၎င်းအပြင် အသုံးပြု၍ အဆင်မပြေသော COMBINE HARVESTER စက်များ (၂၃)စီး ရှိခဲ့သည်ဟုလည်း သိရှိရပါသည်။ ၎င်းစက်များကို ထွန်စက်များ အနေဖြင့် မကွေး(၉)စီး၊ အောင်လံ(၅)စီး၊ မင်းဘူး(၂)စီး၊ ပွင့်ဖြူ(၃)စီး၊ ပခုက္ကူ(၉)စီး၊ ဂန့်ဂေါ(၂)စီးနှင့် လက်တွန်းထွန်စက်များကို တောင်တွင်း(၆)စီး၊ မင်းဘူး(၄)စီး၊ ပွင့်ဖြူ(၉)စီး၊ ဆင်ဖြူကျွန်း(၁)စီး ခွဲဝေ ချထားသုံးစွဲခဲ့သည်ဟု သိရှိရပါသည်။ (စာရင်းဇယားများ ၂- ရွက်ကို ပူးတွဲ တင်ပြအပ်ပါတယ်)

စက်များကို ချထားခဲ့စဉ်က ပြင်ဆင်ထိန်းသိမ်းစရိတ်မျှပင် မရှိသော (၁)နှစ်အသုံးပြုခ ခုနှစ်သိန်း (၇၀၀၀၀၀ိ/) ကျပ်ဖြင့် ချထားခဲ့သည်ဟု သိရှိရပြီး ယခုလို(၅)နှစ်ခန့် ရှိသည့်အခါ စက်များမှာ ယိုယွင်း ပျက်စီးနေလောက်ပြီ ဖြစ်ပါမည်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစိုးရပိုင် ထွန်စက်နှင့် လက်တွန်းထွန်စက်များ၏ အခြေအနေအရပ်ရပ်

(၁) ထွန်စက်များ၏ ဝင်ငွေနှင့်ထွက်ငွေ

(၂) သုံးစွဲခဲ့သူများ၏ စာရင်း

(၃) စက်များ၏ ခိုင်ခန့်မှုအခြေအနေနှင့်

(၄) စက်များကို မည်သို့စီမံခန့်ခွဲသုံးစွဲမည်ကို သိရှိလိုပါသဖြင့် ကျေးလက်တောင်သူဦးကြီးများ ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါ တယ်ခင်ဗျား။

**ဦးဝင်းမော်ဌေး ( ဝန်ကြီး၊ စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန )။** ။ ထွန်စက် များနှင့်စပ်လျဉ်း၍ အိန္ဒိယနိုင်ငံအစိုးရမှ လှူဒါန်းခဲ့သည် ထွန်စက်၊ လက်တွန်းထွန်စက်၊ ရိတ်သိမ်း ခြွေလှေ့ စက်နှင့် အခြားလယ်ယာသုံးစက်ကိရိယာများအား ၂၀၁၂ ခုနှစ်၊ မေလတွင် ရန်ကုန်မြို့သို့ စက်မှုလယ်ယာ ဦးစီးဌာနမှ သွားရောက်ထုတ်ယူပေးခဲ့ပါသည်။ New Holland ထွန်စက်အစီး(၃၀)အား ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလအထိ နောက်ဆုံးငှားရမ်း သုံးစွဲခဲ့သည့် တောင်သူစာရင်းနှင့် လက်တွန်းထွန်စက် ငှားရမ်းသုံးစွဲခဲ့ သည့် တောင်သူများစာရင်းအား ပူးတွဲ(က)ဖြင့် ဖော်ပြအပ်ပါသည်။ မိမိတို့ မကွေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ တာဝန်လွှဲပြောင်းရယူခဲ့သည့် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်မှ ယနေ့အချိန်အထိ New Holland ထွန်စက်ကြီး အစီး(၃၀)ငှားရမ်းခ ရငွေမှာ ငွေကျပ်( ၂၈၅,၀၀,၀၀၀ိ/- ) (ကျပ်နှစ်ရာရှစ်ဆယ့်ငါးသိန်း) ဖြစ် ပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေစာရင်းအမှတ် MD-021907 ၌ ရငွေအဖြစ် ရရှိထားပြီး ဖြစ်ပါ သည်။

GARVES လက်တွန်းထွန်စက်( ၂၀ )စီးမှာ ပြန်လည်ပြုပြင်ပြီးမှ သုံးစွဲနိုင်မည်ဖြစ်ပါသဖြင့် ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စက်မှုလယ်ယာစခန်းများတွင် ထိန်းသိမ်းထားရှိပြီး ဖြစ်ပါသည်။ Combine Harvester ( ၂၃ )စီးအား ရရှိစဉ်အခါက အမှတ်( ၂၉ )စက်မှုလယ်ယာစခန်း၊ မကွေးမြို့တွင် (၁၀)စီး၊ အမှတ်(၇၁)စက်မှုလယ်ယာစခန်း၊ တောင်တွင်းကြီးမြို့ တွင် (၆)စီး၊ အမှတ်(၈) စက်မှုလယ်ယာစခန်း၊ မင်းဘူးမြို့တွင် (၇)စီး ထားရှိခဲ့သော်လည်း အဆိုပါစက်များမှာ စက်အင်အားကြီးမားခြင်း ဘီးများ တပ်ဆင်အသုံးပြုထားခြင်း ဆည်ရေသောက်မြေများဖြစ်သဖြင့် မြေသားပျော့ခြင်းတို့ကြောင့် သုံးစွဲရန် ဒေသ

နှင့် ကိုက်ညီမှုမရှိသဖြင့် အဆိုပါ ( ၂၃ )စီးအား ( ၂၇.၇.၂၀၁၅ )ရက်နေ့တွင် အမှတ်(၁၃) အကြီးစားစက်ရုံ၊ စက်မှုဝန်ကြီးဌာန၊ မကွေးမြို့သို့ အပ်နှံထားခဲ့ပြီးဖြစ်ပါသည်။

စက်များ၏ ခိုင်ခန့်မှုအခြေအနေမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏(၅.၁၁.၂၀၁၈)ရက်စွဲပါစာအမှတ်၊ ၃/ ၅ - ၃(အခထပ) (၁၁)/ ဦး ၆ ဖြင့် New Holland ထွန်စက်များ၏အခြေအနေအား စစ်ဆေးတင်ပြရန် ညွှန်ကြားခဲ့ရာ စက်မှုလယ်ယာဦးစီးဌာနမှ အဆိုပါထွန်စက်များအား စစ်ဆေးပြီး ထွန်စက်တစ်စီးခြင်း အလိုက် အခြေအနေကို တင်ပြခဲ့ပြီးဖြစ်ပါသည်။ စစ်ဆေးချက်များအရ ထွန်စက်(၃၀)စီးအနက် (၃)စီးမှာ ရပ်နားထားပြီး သုံးစွဲမရ အခြေအနေဖြစ်ပါသည်။ အဆိုပါ ထွန်စက်(၃)စီးအား အကြီးစားအဆင့် ပြုပြင်ရ မည်ဖြစ်ပါသည်။ ကျန် (၂၇)စီးမှာလည်း အလတ်စားအဆင့် ပြုပြင်ရမည်ဖြစ်ပါသည်။ အဆိုပါထွန်စက်များ ပြုပြင်မည်ဆိုပါက အမြင့်ဆုံးအဆင့် ကျပ်(၄၀)သိန်းမှ အနည်းဆုံးအဆင့် ကျပ်(၁၅)သိန်းခန့် ကုန်ကျနိုင်ပါ သည်။ တင်ပြပါ ထွန်စက်(၃၀)စီး၏ နောက်ဆုံးငှားရမ်းသုံးစွဲခဲ့သည့် တောင်သူအမည်နှင့် ထွန်စက် တစ်စီး ခြင်းအလိုက် စက်အခြေအနေအား ပူးတွဲ(ခ)ဖြင့် ဖော်ပြအပ်ပါသည်။

စက်များ စီမံခန့်ခွဲ သုံးစွဲမှုနှင့်စပ်လျဉ်း၍ (၂၈.၁၁.၂၀၁၈)ရက်နေ့တွင် ကျင်းပပြုလုပ်သော မကွေး တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၄၇/၂၀၁၈)၊ ဆုံးဖြတ်ချက်အပိုဒ် (၆၇)အရ New Holland ထွန်စက်(၃၀)စီးအား စက်မှုလယ်ယာဦးစီးဌာနမှ ပြန်လည်လက်ခံထားရှိရန် ညွှန်ကြားခဲ့ရာ စက်မှုလယ်ယာဦးစီးဌာနမှ ငှားရမ်းထားခဲ့သည့် စက်များအား စစ်ဆေးလက်ခံလျက်ရှိရာ တင်ပြပါ (၂၇.၁၂.၂၀၁၈)ရက်နေ့အထိ အမှတ်( ၂၉ )စက်မှုလယ်ယာစခန်း၊ မကွေးမြို့တွင် (၁၃)စီး၊ အမှတ်(၈) စက်မှုလယ်ယာစခန်း၊ မင်းဘူးမြို့တွင် ( ၂ )စီး၊ အမှတ်(၄၆) စက်မှုလယ်ယာစခန်း၊ ပွင့်ဖြူမြို့တွင် (၃)စီး၊ အမှတ်(ဆွယ်)စက်မှုလယ်ယာစခန်း၊ ဂန့်ဂေါမြို့တွင် (၂)စီး၊ စုစုပေါင်း (၂၀)စီးအား ပြန်လည်လက်ခံပြီး ဖြစ်ပါသည်။ ကျန်ထွန်စက်(၁၀)စီးမှာ စက်မှုလယ်ယာစခန်း၊ ပခုက္ကူမြို့နှင့် သရက်မြို့များတွင် လက်ခံရရှိ ပြီးဖြစ်ပါသည်။

အဆိုပါထွန်စက်များအား ဆက်လက်သုံးစွဲမည့် အခြေအနေနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးတွင် တင်ပြပြီး အစည်းအဝေး ဆုံးဖြတ်ချက်အတိုင်း စနစ်တကျဖြင့် ထိရောက်စွာ စီမံခန့်ခွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးဝင်းမြင့်လှိုင် ( တောင်တွင်းကြီးမြို့နယ်မဲဆန္ဒနယ်အမှတ် - ၂ )။** ။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာ ပထမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်မှ တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်လှိုင် ဖြစ်ပါတယ် ခင်ဗျား။

ယနေ့ ကျင်းပပြုလုပ်တဲ့ တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးမှာ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ -

မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများတွင် ဒေသခံ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအား ထည့်သွင်း ဖွဲ့စည်းပေးနိုင်ရေး ပြင်ဆင်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုပါကြောင်း၊

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်အပါအဝင် မြို့နယ်အသီးသီးရှိ မြို့နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ထည့်သွင်းဖွဲ့စည်းရမည့်အစား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ထည့်သွင်းဖွဲ့စည်းထားသည့်အတွက် အဆိုပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်နားနေသည့်ရက်များ၌ မိမိဒေသသို့ ပြန်လာသည့် အချိန်များတွင်သာ မြေယာကိစ္စများ ဖြေရှင်းညှိနှိုင်း ဆောင်ရွက်နေရသည့်အတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည်ထက် ပိုမို၍ အချိန်ကြန့်ကြာမှုများ ဖြစ်ပေါ်နေသည်ကို တွေ့ရှိရပါကြောင်း၊ ယခင်က မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ(၁၃)ရက် နေ့စွဲပါစာအမှတ်၊ ၅ / ၄၃ - ၂၀၅(၁) / ဦး ၆ ဖြင့် မြို့နယ်အဆင့်ကော်မတီများတွင် သက်ဆိုင်ရာမဲဆန္ဒနယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦး ထည့်သွင်းဖွဲ့စည်းကာ မြေယာကိစ္စများဖြေရှင်းညှိနှိုင်းဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ၎င်းနောက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ(၂၀)ရက် နေ့စွဲပါစာအမှတ်၊ ၃ / ၆- ၂၄(စမဆ)(၁၇၉) / ဦး ၆ ဖြင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များကို ရပ်ကွက်/ ကျေးရွာအုပ်စုကော်မတီများတွင်သာ ထည့်သွင်းဖွဲ့စည်းထားရှိပြီး မြို့နယ်အဆင့်ကော်မတီများတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို အစားထိုး ပြင်ဆင် ဖွဲ့စည်းခဲ့သည့်အတွက် ယခုကဲ့သို့ လုပ်ငန်းကြန့်ကြာမှုများ ဖြစ်ပေါ်နေရသည်ကို တွေ့ရှိရပါကြောင်း၊ မြို့နယ်အဆင့်ကော်မတီများတွင် အချို့သောဒေသများ၌ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးထဲ ထည့်သွင်းဖွဲ့စည်းထားသည်ပင် လုပ်ငန်းဆောင်ရွက်မှု အားနည်းနိုင်သဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၂)ဦးရှိလျှင် (၂)ဦးထည့်သွင်းဖွဲ့စည်းမှသာလျှင် လုပ်ငန်းများ ပိုမိုမြန်ဆန်စွာဖြင့် အချိန်နှင့်တစ်ပြေးညီ ဆောလျင်စွာ ဖြေရှင်းညှိနှိုင်း ဆောင်ရွက်သွားနိုင်မည်ဟု မြေပြင်ကွင်းဆင်း စိစစ်ချက်များအရ သိရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများတွင် ဒေသခံတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအား ထည့်သွင်းဖွဲ့စည်းပေးနိုင်ရေး ပြင်ဆင်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုပါကြောင်း အမျိုးသားလွှတ်တော်ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ မေးမြန်းရခြင်းဖြစ်ပါသည်။

**ဦးဝင်းမော်ဌေး ( ဝန်ကြီး၊ စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန )။** ။လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှု မရှိစေရေးအတွက် မြေသိမ်းမှုပြဿနာများကို လျင်မြန်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတရုံး၏ (၅.၅.၂၀၁၆)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၁၆)ဖြင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီမှ ( ၉.၆.၂၀၁၆ )ရက်စွဲပါစာအမှတ်၊ ၃၉/ ၁-ကော်မတီ/မြေ (ဗဟို)/ ၂၀၁၆ ဖြင့် အောက်ပါလယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီများကို ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပါသည်-

(က) နေပြည်တော် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီ၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်း ခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၊

(ဂ) ခရိုင်လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီ၊

(ဃ) မြို့နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီ၊

(င) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှု များ ပြန်လည်စိစစ်ရေးကော်မတီ၊

ယင်းသို့ဖွဲ့စည်းဆောင်ရွက်ရာ၌ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီများတွင် တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါ သည်။

သိမ်းဆည်းခံလယ်ယာမြေကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်ရာ၌ ပွင့်လင်းမြင်သာမှု ရှိစေရေးနှင့် ပိုမို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် မကွေးတိုင်းဒေသကြီးအတွင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုပါ အောက်ပါအတိုင်း ပါဝင်ဖွဲ့စည်းနိုင်ရေးအတွက် မကွေး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ (၁၄.၃.၂၀၁၇)ရက်စွဲပါစာအမှတ်၊ ၅ / ၄၃ -၂၀၅ (၈)/ ဦး ၆ ဖြင့် လယ်ယာမြေ နှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီသို့ တင်ပြခဲ့ပါသည်-

(က) ရပ်ကွက်/ကျေးရွာအုပ်စု အဆင့် ကော်မတီတွင် သက်ဆိုင်ရာမဲဆန္ဒနယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊

(ခ) မြို့နယ်အဆင့် ကော်မတီတွင် သက်ဆိုင်ရာ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊

(ဂ) ခရိုင်အဆင့် ကော်မတီတွင် သက်ဆိုင်ရာ မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တင်ပြမှုအပေါ် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်း ခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ ( ၂၀.၄.၂၀၁၇ )ရက်စွဲပါစာအမှတ်၊ ၅၈၂/ ၁-ကော်မတီ/ မြေ(ဗဟို)/ ၂၀၁၇ ဖြင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်း ခံရမှုများ ပြန်လည်စိစစ်ရေး ဗဟို ကော်မတီ ဥက္ကဌ၊ ဒုတိယသမ္မတက **‘ မြေစစ်ကော်မတီ အဆင့်ဆင့်တွင် ပြည်သူရွေးချယ်ထားသော လွှတ်တော်ကိုယ်စားလှယ် ထည့်သွင်းဖွဲ့စည်းရန်ဖြစ်ပြီး တာဝန်ပေးအပ်ဖွဲ့စည်းရေးကို သက်ဆိုင်ရာ တိုင်းဒေသကြီးမြေ/စစ်၏ အစီအစဉ်ဖြင့်သာ ဆောင်ရွက်ရန်ဖြစ် ’** ဟု မှတ်ချက်ပြုထားသဖြင့် သိရှိလိုက်နာ ဆောင်ရွက်သွားရန် မကွေးတိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသို့ အကြောင်းကြားခဲ့ပါသည်။

သို့ဖြစ်ပါ၍ သိမ်းဆည်းခံ လယ်ယာမြေကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှု ရှိစေရေးနှင့် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အဆင့်ကော်မတီများတွင် သက်ဆိုင်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ပြန်လည်ဖြည့်စွက် ဖွဲ့စည်းဆောင်ရွက်ရန်နှင့် ခရိုင်အဆင့်

ကော်မတီများတွင် သက်ဆိုင်ရာ အောက်ဖော်ပြပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ပါဝင်ဖွဲ့စည်း ဆောင်ရွက်သွားရန် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ (၄.၅.၂၀၁၇) ရက်စွဲပါစာအမှတ်၊ ၅/ ၄၃ - ၂၀၁၅ (၆)/ ဦး ၆ ဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ အကြောင်းကြားထားရှိပါကြောင်း ဖြေကြားအပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | မကွေးခရိုင် မြေ/စစ်ကော်မတီ | ဦးချစ်ထွေး | မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃) |
| (ခ) | မင်းဘူးခရိုင် မြေ/စစ်ကော်မတီ | ဦးတင်အောင်ထွန်း | မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၅) |
| (ဂ) | သရက်ခရိုင် မြေ/စစ်ကော်မတီ | ဦးဝင်းမြင့် | မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈) |
| (ဃ) | ပခုက္ကူခရိုင် မြေ/စစ်ကော်မတီ | ဦးမြမင်းဆွေ | မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၉) |
| (င) | ဂန့်ဂေါခရိုင် မြေ/စစ်ကော်မတီ | ဦးပြုံးလွင် | မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂) |

**ဦးတင့်ဆန်း ( ပွင့်ဖြူမြို့နယ် မဲဆန္ဒနယ်အမှတ် - ၂ )။** ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပွင့်ဖြူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်းပဲ ဖြစ်ပါတယ် ခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား-

ကျွန်တော်မေးမယ့် မေးခွန်းကတော့ ပွင့်ဖြူမြို့နယ်တောင်ဘက်တွင် စီးဆင်းနေသော ရေဆိုးထုတ်ချောင်းအား တူးဖော်ပေးရန် အစီအစဉ်ရှိ/ မရှိကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား -

ပွင့်ဖြူမြို့နယ် တောင်ဘက် ပြည်လုံးကျော် - ရွာသစ် - တောင်အင်း၊ ကုလားကုန်း - ညောင်ပင်ရွာစသောကျေးရွာများအနီး ဖြတ်သန်းစီးဆင်းသော ရေဆိုးထုတ်ချောင်း (သို့) အက် ထုတ်မြောင်းဟာဆိုရင် ပေအရှည်မှာ(၂၅၇၀၀)ပေရှည်လျားပြီး နှစ်စဉ် မိုးသည်းထန်စွာ ရွာသွန်း ပါသည်။ ၎င်းချောင်းသည် ရေများလျှံတက်ပြီး စိုက်ပျိုးရေးမြေဧက(၃၀၀)ကျော် နှစ်စဉ် ပျက်စီး ဆုံးရှုံးမှုများ ကြုံတွေ့ရပြီး ချောင်းရေများလျှံတက်စီးဆင်းလာလျှင် ဆိုးဆိုးဝါးဝါး ပိတ်ဆို့၍ စိုက်ပျိုးသီးနှံပျက်စီးမှု အများဆုံးကျေးရွာများမှာ ရွာသစ် - တောင်အင်း၊ ကုလားကုန်း - ညောင်ပင်ရွာစသော ကျေးရွာများဖြစ်ပါတယ်။ ၎င်းအက်ထုတ်မြောင်းအား တူးဖော်ပေးမှသာလျှင် ရေ ကြီးရေလျှံမှုများ မဖြစ်တော့ဘဲ စိုက်ပျိုးသီးနှံများ ရေနစ်မြုပ်မှုမှ ကင်းလွတ်မှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပွင့်ဖြူမြို့ တောင်ဘက်တွင် စီးဆင်းနေသော အက်ထုတ်မြောင်းအား တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ မေးခွန်းမေးမြန်းရပါတယ် ခင်ဗျား။ အားလုံးကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ။

**ဦးဝင်းမော်ဌေး ( ဝန်ကြီး၊ စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန )။** ။ ရေဆိုးထုတ်ချောင်း (သို့) အပ်ထုတ်မြောင်းသည် ပွင့်ဖြူမြို့နယ်၏ တောင်ဘက် ပြည်လုံးကျော် - ရွာသစ် - တောင်အင်း - ကုလားကုန်း - ညောင်ပင်ရွာစသော ကျေးရွာများအနီး ဖြတ်သန်းစီးဆင်းနေသော ချောင်းဖြစ်ပါသည်။

အဆိုပါချောင်းသည် ၂၀၁၈ ခုနှစ်၊ ဇွန်လတွင် ပွင့်ဖြူမြို့နယ်အတွင်း ထူးကဲမိုး ရွာသွန်းမှုကြောင့် မဲဇလီဆည်ရေသောက်တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး ကျေးရွာများ ရေနစ်မြုပ်ခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပေါ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ပွင့်ဖြူမြို့၏ တောင်ဘက်တွင် စီးဆင်းနေသော ရေဆိုးထုတ်ချောင်းအား ပြန်လည်တူးဖော်ပေးရန်အတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ရန်ပုံငွေထပ်မံ တင်ပြတောင်းခံ၍ ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသက်ခိုင်(စလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်-၂)။** ။ မကွေးတိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများ မည်သို့ဖွဲ့စည်းလည်ပတ်လျက်ရှိပါကြောင်းနှင့် မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် ဒေသပြည်သူများ၏ ထည့်ဝင်ငွေဖြင့် ဝယ်ယူထားခဲ့သော အသင်းများ၏ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို မည်သို့စီမံခန့်ခွဲပြီး မည်သို့အကျိုးအမြတ် ခွဲဝေလျက်ရှိသည်ကို သိရှိလိုပါသဖြင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

သမဝါယမအသင်းများသည် ခေတ်စနစ်အမျိုးမျိုးတွင် ပုံစံအမျိုးမျိုးဖြင့် လည်ပတ်ခဲ့ပါသည်။ ၁၉၈၈ အရေးအခင်းပြီးနောက် သမဝါယမအသင်းများကို ပုံစံပြောင်းလဲဖွဲ့စည်းခဲ့ရာ ယခင်က ရပ်ကွက်/ ကျေးရွာနေပြည်သူများအားလုံး မဖြစ်မနေပါဝင်ခဲ့ရသော သမဝါယမအသင်းများသည် ပုံစံပြောင်းလဲ ဖွဲ့စည်းခဲ့ကြကြောင်း တွေ့ရှိရပါသည်။ ပထမအကြိမ် လွှတ်တော်သက်တမ်းတွင် သမဝါယမဝန်ကြီးဌာနအနေဖြင့် ဖွဲ့စည်းခဲ့သော အသင်းများရှိသကဲ့သို့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီခေတ်ကတည်းက ရပ်ကွက်/ ကျေးရွာနေပြည်သူများ ပါဝင်ခဲ့ပြီး ယခုအခါ ပြောင်းလဲဖွဲ့စည်းထားပြီး လုပ်ငန်းလည်ပတ်လျက်ရှိသော အသင်းများလည်း ရှိနေပါသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ကတည်းက ဖွဲ့စည်းခဲ့သောအသင်းများတွင် ရပ်ကွက်/ကျေးရွာနေပြည်သူတို့ ထည့်ဝင်ငွေဖြင့် ပိုင်ဆိုင်ခဲ့သော မရွှေ့ပြောင်းနိုင်သော ပစ္စည်းများသည် ယနေ့တိုင် သမဝါယမအသင်းပိုင်အဖြစ် ဆက်လက်တည်ရှိနေပြီး အကျိုးအမြတ်ခံစားခွင့်ကို ပြည်သူများ မရရှိဘဲဖြစ်နေပါသည်။

ဥပမာ (၁) စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့လယ်ရှိ သမအသင်းစုပိုင်ဟု သိရသော အဆောက်အဦကို အန္တရာယ်ရှိ အဆောက်အဦအဖြစ် လေလံတင်ရောင်းချခဲ့ကြောင်း သိရှိရပြီး ရရှိသောငွေများကို မည်ကဲ့သို့ စီမံခန့်ခွဲကြောင်း မသိရှိရသေးပါ။

(၂) ယခင်က ဆင်ဖြူကျွန်းမြို့ ပြန့်လွင့်ရပ်ကွက်နှင့် ပရိက္ခရာရပ်ကွက်နေ ပြည်သူတို့ ထည့်ဝင်ငွေဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သော အမှတ်(၅) သမအဆောက်အဦ (ယခု အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး)ကို သမဝါယမအသင်းတစ်ခုက ပိုင်ဆိုင်ထားသည်ဟု သိရှိရပါသည်။ မည်သို့ အကျိုးအမြတ်ရရှိစီမံနေသည်ကို မသိရှိရပါ။

ထိုကဲ့သို့ သမအသင်းပိုင်ဟူသော နေရာများ များစွာရှိနေပြီး အများပြည်သူနှင့်သက်ဆိုင်ပြီး ပြည်သူတို့ အကျိုးမခံစားရဘဲ ဖြစ်နေပါသည်။ ထို့ကြောင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများ မည်သို့ဖွဲ့စည်း လည်ပတ်လျက်ရှိကြောင်းနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီခေတ်တွင် ဒေသပြည်သူများ၏ ထည့်ဝင်ငွေဖြင့် ဝယ်ယူထားခဲ့သော အသင်း၏ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို မည်သို့စီမံခန့်ခွဲပြီး မည်သို့အကျိုးအမြတ်ခွဲဝေလျက်ရှိသည်ကို သိရှိလိုကြောင်း မေးမြန်းအပ်ပါသည်။

**ဦးဝင်းမော်ဌေး ( ဝန်ကြီး၊ စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန )။** ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း သမဝါယမအသင်းများ ဖွဲ့စည်းတည်ထောင် ဆောင်ရွက်ခွင့်ဆိုင်ရာကိစ္စရပ်များအား ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီမှ တာဝန်ယူအုပ်ချုပ်ခဲ့သည့်ကာလတွင် ၁၉၇၀ ခုနှစ်၊ မေလ ၂၈ ရက်နေ့၌ **ပြည်ထောင်စုမြန်မာနိုင်ငံသမဝါယမအသင်း ဥပဒေ**ကို ပြဋ္ဌာန်း၍ လည်းကောင်း၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ တာဝန်ယူ အုပ်ချုပ်ခဲ့သည့် ကာလတွင် ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ရက်နေ့၌ **သမဝါယမအသင်းဥပဒေ**ကို ပြဋ္ဌာန်း၍ အဆိုပါသမဝါယမအသင်းဥပဒေပုဒ်မ၃၉ဖြင့် ၁၉၇၀ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများအား ရုပ်သိမ်းခဲ့ပြီး ယခင်ဖွဲ့စည်းခဲ့သော သမဝါယမအသင်းများကိုသမဝါယမအသင်းဥပဒေပုဒ်မ ၇ နှင့်အညီ သမဝါယမဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနတွင် မှတ်ပုံတင်စေ၍ တရားဝင်သမဝါယမအသင်းများအဖြစ် ပြန်လည်ဖွဲ့စည်းပေးခဲ့ပါသည်။

ထို့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ပထမအကြိမ်သက်တမ်းကာလတွင် ဝန်ကြီးဌာနအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သော သမဝါယမဝန်ကြီးဌာနသည် ၁၉၉၂ ခုနှစ်၊ သမဝါ ယမ အသင်း ဥပဒေပုဒ်မ ၃၈ အရ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ အမိန့်ကြော်ငြာစာ အမှတ် ၅၂/ ၂၀၁၄ ဖြင့် **သမဝါယမအသင်းနည်းဥပဒေများ**ကို ထုတ်ပြန်ထားရှိပြီးဖြစ်ကြောင်းနှင့် လက်ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ဒုတိယအကြိမ်သက်တမ်းကာလတွင် သမဝါယမဝန်ကြီးဌာနကို သီးသန့်ဖွဲ့စည်းထားခြင်း မရှိသော်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန လက်အောက်တွင် သမဝါယမဦးစီးဌာနအား ထည့်သွင်းဖွဲ့စည်းထားရှိပါသည်။

မကွေးတိုင်းဒေသကြီးအတွင်း သမဝါယမအသင်းများဖွဲ့စည်းတည်ထောင်ခြင်း၊ မှတ်ပုံတင်ခြင်း ဆိုင်ရာကိစ္စရပ်များအား **၁၉၉၂ ခုနှစ်၊ သမဝါယမအသင်းဥပဒေပုဒ်မ ၄၊ ၅၊ ၆၊ ၇**ပါ ပြဋ္ဌာန်းချက်များ အရသော်လည်းကောင်း၊ **၂၀၁၃ ခုနှစ်၊ သမဝါယမအသင်း နည်းဥပဒေ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀**ပါထုတ်ပြန်ချက်များအရသော်လည်းကောင်း သက်ဆိုင်ရာ သမဝါယဦးစီးဌာနများမှ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

သမဝါယမအသင်းများသည် အသင်းပိုင်ဘဏ္ဍာငွေများကို အခြေခံ၍ ဆောင်ရွက်ရသော အဖွဲ့အစည်းများဖြစ်ကြပြီး အသင်း၏လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရန်သမ ဝါယမအသင်းဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ င ပါပြဋ္ဌာန်းချက်အရ အမှုဆောင်အဖွဲ့အား ဖွဲ့စည်းထားရှိပြီး ဘဏ္ဍာရေးနှစ်အလိုက် သမဝါယမအသင်းဥပဒေပုဒ်မ ၂၄ အရ ခွဲဝေငွေများအား သတ်မှတ်ခွင့်ပြုလျက် ရှိပါသည်။ သမဝါ ယမ အသင်းများသည် အသင်းပိုင်ဘဏ္ဍာငွေများနှင့် သမဝါယမအသင်းဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ ဃ အရပိုင်ဆိုင်ထားသည့် တိရစ္ဆာန်များအပါအဝင် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများအား စီမံ

ခန့်ခွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ အကျိုးအမြတ်များခွဲဝေပေးခြင်းတို့ကို **သမဝါယမအသင်းနည်းဥပဒေ ၄၅၊ ၄၆၊ ၄၇၊ ၄၉၊ ၅၀၊ ၅၄၊ ၇၀၊ ၇၁၊ ၇၂၊ ၇၃** ပါထုတ်ပြန်ချက်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၂၅)မြို့နယ်တွင် အခြေခံသမဝါယမ အသင်းပေါင်း (၅၄၄၄)သင်း၊ အသင်းစုပေါင်း (၃၇)သင်း၊ အသင်းစုချုပ်(၁)သင်း ဖွဲ့စည်းပြီးသမဝါယမအသင်း စုစုပေါင်း (၅၄၈၂)သင်းရှိပြီး သမဝါယမလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ သမဝါ ယမ လုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေးအတွက် အသင်းအဆင့်ဆင့်မှ ကြီးကြပ်ကွပ်ကဲခြင်း၊ သမဝါ ယမဦးစီးဌာန မှ ထိန်းကျောင်းတည့် မတ်ပေးခြင်းများဖြင့် ဆောင်ရွက်လျက် ရှိပါသည်။

၁၉၇၀ ခုနှစ်၊ သမဝါယမအသင်းဥပဒေအရ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် ဖွဲ့စည်းခဲ့သော သမဝါယမအသင်းဟောင်းများကို ၁၉၉၂ ခုနှစ်၊ သမဝါယမအသင်းဥပဒေဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ရာတွင် ယင်းနေ့ရှိ အသင်း၏ ပေးရန်/ရရန်များအားလုံးကို ရှင်းလင်းပြီးနောက် ပိုလျှံသောငွေ၊ ရွှေ့ပြောင်းနိုင်သော/ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများအားလုံးကို ယင်းအသင်း၏ သမဝါယမအသင်းများ အရင်းမပျောက်မတည် ရံပုံငွေ(CDRF)အဖြစ် တည်ရှိနေခဲ့ပါသည်။ ယင်းသမဝါယမအသင်းသားများ၏ ကိုယ်စားအသင်းအမှုဆောင်အဖွဲ့မှ သမဝါယမအသင်း နည်းဥပဒေ အပိုဒ်(၇၃)အရ အမှုဆောင် အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ငွေ၊ ပစ္စည်းများကို စီမံခန့်ခွဲဆောင်ရွက်လျက်ရှိပြီး သမဝါယမအသင်း နည်းဥပဒေ အပိုဒ်(၃၅)အရ လိုအပ်ပါက အရပ်ရပ်ဆိုင်ရာ အစည်းအဝေးများ ခေါ်ယူကျင်းပ၍ ဆုံးဖြတ်အတည်ပြုချက် ရယူဆောင်ရွက်ပါသည်။ ရရှိလာသော အကျိုးအမြတ်များအား ယင်းသမဝါယမအသင်း၏ စည်းကမ်း ဥပဒေနှင့်အညီ အသင်းဝင်၊ အသင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရပါသည်။

စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့လယ်ရှိ သမဝါယမအသင်းစုပိုင်ဟု သိရသော အဆောက်အဦကို အန္တရာယ်ရှိ အဆောက်အဦအဖြစ် လေလံတင်ရောင်းချခဲ့ကြောင်း သိရှိရပြီး ရရှိသောငွေများကို မည်ကဲ့သို့ စီမံခန့်ခွဲကြောင်း မသိရှိရသေးပါ-

(က) စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့လယ်ရှိ အဆောက်အဦမှာ ၁၉၀၇ ခုနှစ်ခန့်က ဆောက်လုပ်ခဲ့ပြီး အလျား(၈၀')၊ အနံ(၃၅')၊ အမြင့်(၃၁')၊ ( ၂ )ထပ်ဖြစ်၍ မြေအကျယ်အဝန်းမှာ(၀.၀၇၇) ဧကဖြစ်ပါသည်။ ၁၉၇၇ ခုနှစ်တွင် စလင်းမြို့နယ် သမဝါယမအသင်းမှ ငွေကျပ်(၁၂၀၀၀၀/-) ဖြင့် အဆိုပါ အဆောက်အဦအား ဝယ်ယူခဲ့ပါသည်။

(ခ) ၁၉၇၇ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ မြို့နယ်သမဝါယမအသင်းမှသုံးစွဲခဲ့ပြီး ၁၉၈၈ မှ ၁၉၉၅ ခုနှစ်ထိ မြို့နယ်သမဝါယမအသင်း ကိုယ်စားပြု ရွှေဝါလင်း အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ ထိန်းသိမ်းသုံးစွဲခဲ့ပါသည်။ (၁.၈.၁၉၉၆) ရက်နေ့တွင် ရွှေဝါလင်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းထံမှ ၎င်းအဆောက်အဦအား ရွှေပြည်စိုး သမဝါယမအသင်းသည် လွှဲပြောင်းရယူခဲ့ပြီး ဂရန်လျှောက်ထားခဲ့ရာ ရွှေပြည်စိုးသမဝါယမ အသင်း အမည်ပေါက်ဖြင့် ဂရန် ရရှိခဲ့ပါသည်။

(ဂ) ၁၉၉၂ ခုနှစ်၊ သမဝါယမဖွဲ့စည်းပုံအရ ရွှေပြည်စိုးသမဝါယမအသင်းထံမှ စလင်းမြို့နယ် သမဝါယမအသင်းစုပိုင်အဖြစ် ၎င်းအဆောက်အဦအား (၁.၉.၂၀၀၉) ရက်နေ့တွင် လွှဲပြောင်း ရယူခဲ့ပါသည်။

(ဃ) အဆိုပါအဆောက်အဦကို စလင်းမြို့နယ်စည်ပင်သာယာရေးအရာရှိမှ( ၂၃.၉. ၂၀၀၉)ရက်နေ့ နှင့် (၈.၁၂.၂၀၁၇)ရက်နေ့တွင် ကွင်းဆင်းစစ်ဆေးရာ အန္တရာယ်ရှိ အဆောက်အဦဖြစ် ကြောင်းသိရှိရသဖြင့် သဘာဝဘေးအန္တရာယ်ဖြင့်ကြုံတွေ့ရပါက အချိန်မရွေးပြိုကျပျက်စီး နိုင်ပါကြောင်း ကြေညာခဲ့၍ ထုခွဲရောင်းချခွင့်ရရှိရေးအတွက် မြို့နယ်/တိုင်းဒေသကြီး/ ညွန်ကြားရေးမှူးချုပ်ရုံး သမဝါယမဦးစီးဌာနသို့ အဆင့်ဆင့်တင်ပြခဲ့ရာ ညွန်ကြားရေးမှူး ချုပ်ရုံး၏ ( ၂၀.၈.၂၀၁၈ )ရက်စွဲပါစာ အမှတ်၊ င - ဖ / ၇ / (၂၃၁) / ၂၀၁၈ ဖြင့် ခွင့်ပြုချက် ရရှိခဲ့ပါသည်။ အဆိုပါကိစ္စနှင့် ပတ်သက်၍ မြို့နယ်သမဝါယမအသင်းစု၏ လေလံတင်ထုခွဲ ရောင်းချရေးအဖွဲ့မှ စနစ်တကျလေလံအဖွဲ့ဖွဲ့၍ အများပြည်သူသိရှိရေး (၉.၉.၂၀၁၈)ရက်စွဲပါ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာ၍ ( ၂၀.၉.၂၀၁၈ )ရက်နေ့တွင် ထုခွဲရောင်းချခဲ့ရာ ငွေကျပ်(၁၅၀၁)သိန်းရရှိခဲ့ပါသည်။

(င) အဆိုပါရောင်းချရငွေများမှာ သမဝါယမအသင်းစုပိုင် (CDRF) ရင်းနှီးပစ္စည်း ရောင်းချ ရငွေများဖြစ်သဖြင့် သမဝါယမအသင်းဝင်/ အသင်းသားများအတွက် အကျိုးပြုနိုင်သော နေရာများတွင် ပြန်လည်ရင်းနှီးမြှုပ်နှံရန် (၁၄.၁၂.၂၀၁၈) ရက်နေ့တွင် ပြုလုပ်သော အမှု ဆောင်အဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁၉/၂၀၁၈) ဆုံးဖြတ်ချက်(၃)အရ အောက်ပါအတိုင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်-

(၁) စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့၊ သရက်ချဉ်ကျေးရွာအုပ်စု၊ ကျပ်သိန်း (၃၀၀)၊ သစ္စာမြိုင်ရပ်ကွက်တွင် ဦးပိုင်အမှတ်(၁၇၂)၊ မြေကွက်အမှတ် (၁၅၁)၊ ဧရိယာ (၀.၁၆၇)ဧက (၁၂၀'x၆၀') ဂရံရှိပြီးမြေကွက်နှင့် ၎င်းမြေ ပေါ်တွင် (၄)ပင်သွပ်တန်း၊ အုတ်ကာ၊ ပျဉ်ခင်း၊ သွပ်မိုး(၂)ထပ် အဆောက်အဦ (၁)လုံးပါရှိပြီးကို (၁၄.၁၂.၂၀၁၈) ရက်နေ့တွင် ဝယ်ယူပြီးဖြစ်ပါသည်။

(၂) အဆိုပါမြေကွက်၏ အလွတ်တွင်(၄၀'x၁၆'x၂၀')အကျယ်အဝန်းရှိ ကျပ်သိန်း(၂၀၀) အုတ်ပတ်ကားဘော်ဒါဆောင် ဆောက်လုပ်ရန် လျာထားငွေ (ဖေဖော်ဝါရီလတွင် စတင်ဆောက်လုပ်သွားမည်)

(၃) စလင်းမြို့နယ်၊ မကြီးပင်ပုကျေးရွာအုပ်စု၊ ကူတိုတောင်ရွာ၊ ဦးပိုင် ကျပ်သိန်း (၃၇၀)၊ ၈၇/၂မြေကွက်အမှတ်(၅၇၁) (ခ) ဧရိယာဧက(၀.၁၄)ဧက၊ ပေ (၁၂၀'x၅၀') ပုံစံ (၁၀၅)ရှိပြီး ဝယ်ယူရန် လျာထားငွေ (ဖေဖော်ဝါရီလတွင် ဝယ်ယူသွားမည်)

(၄) အဆိုပါ မြေကွက်ပေါ်တွင် (၈၀'x၂၀'x၂၀' ) အကျယ်အဝန်းရှိ ကျပ်သိန်း(၂၃၀)၊ အုတ်ပတ်ကားဘော်ဒါဆောင် ဆောက်လုပ်ရန် လျာထားငွေ (ဖေဖော်ဝါရီလတွင် စတင်ဆောက်လုပ်သွားမည်)

(၅) စိုက်ပျိုးရေးစရိတ်၊ သွင်းအားစုစရိတ် လိုအပ်နေသော အခြေခံ သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် စိုက်ပျိုးစရိတ်ချေးငွေ/ စပါးမျိုးသန့်ဝယ်ယူသိုလှောင်ခြင်း လျာထားငွေ ကျပ်သိန်း(၄၀၀)၊ (ဖေဖော်ဝါရီလတွင်စတင်ဆောင်ရွက်သွားမည်)

(စ) CDRF စာရင်းဝင်အဆောက်အဦဟောင်း ရောင်းချရငွေ (၁၅၀၁)သိန်းမှ ကျပ်သိန်း (၃၀၀) အား ဆင်ဖြူကျွန်းမြို့တွင် မြေဝယ်ယူထားပြီးဖြစ်၍ ကျန်ငွေ(၁၂၀၁) သိန်းကို စလင်းမြို့(MAB)ဘဏ်တွင် အပ်နှံထားပါသည်။ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်အတွက် ( ၂၀.၁.၂၀၁၉ )ရက်နေ့တွင် ကျင်းပပြုလုပ်မည့် အထူးအရပ်ရပ်ဆိုင်ရာ အစည်းအဝေး၌ အသင်းဝင်များအား တင်ပြ၍ ဆုံးဖြတ်ချက်ရယူပြီး ၂၀၁၉ ခုနှစ်၊ မတ်လအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ် ပါသည်။

ယခင်က ဆင်ဖြူကျွန်းမြို့၊ ပြန့်လွင့်ရပ်ကွက်နှင့် ပရိက္ခရာရပ်ကွက်နေ ပြည်သူတို့ ထည့်ဝင်ငွေဖြင့် ဝယ်ယူ ပိုင်ဆိုင်ခဲ့သော အမှတ်(၅) သ/မအဆောက်အဦ [ ယခု အမှတ်( ၂ )ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး ]ကို သမဝါယမအသင်း (၁)ခုက ပိုင်ဆိုင်ထားသည်ဟု သိရှိရပါသည်။ မည်သို့ အကျိုးအမြတ် ရရှိစီမံနေသည်ကို မသိရှိရပါ-

(က) စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့၊ ပြန့်လွင့်ရပ်ကွက်နှင့် ပရိက္ခရာရပ်ကွက်တွင် ယခင်က ရှိခဲ့သော အမှတ်(၅) စားသုံးသူ သမဝါယမအသင်းဟောင်းပိုင် ငွေကျပ် ငါးသောင်းဖြင့် ၁၉၈၀ ခုနှစ်တွင် (၄၂'x ၆၂') အကျယ်အဝန်းရှိ မြေကွက်ဝယ်ယူ၍ ၁၉၈၇ ခုနှစ်တွင် (၆၀'x၄၀'x၂၇') အကျယ်အဝန်းရှိ အဆောက်အဦ ဆောက်လုပ်ခဲ့ခြင်း ဖြစ်ပါသည်။ အဆောက်အဦတန်ဖိုးမှာ (၁၀၄၃၅၅) ကျပ်ဖြစ် ပါသည်။

(ခ) ၁၉၉၂ ခုနှစ်၊ သမဝါယမဥပဒေအရ ပြန်လည်ဖွဲ့စည်းရာတွင်အမှတ်(၅) စားသုံးသူသမဝါယမအသင်းထံမှ သိန်းပဒေသာရောင်းဝယ်ရေးသမဝါယမအသင်းသည် မြေနှင့်အဆောက်အဦကို သုံးစွဲခွင့်ရရှိခဲ့ပါသည်။ ယခုအခါ အသင်းသား (၁၈) ဦး (၁) ဦးလျှင် (၅၀၀၀၀) ကျပ်နှုန်းဖြင့် အစုငွေ(၉)သိန်းကျပ်ထည့်ဝင်၍ ဆောင်ရွက်လျက်ရှိသော သမဝါယမအသင်းဖြစ်ပါသည်။

(ဂ) မြေနှင့်အဆောက်အဦမှာ သိန်းပဒေသာရောင်းဝယ်ရေး သမဝါယမအသင်းပိုင်ဖြစ်ပြီး ဆင်ဖြူကျွန်းမြို့၊ အမှတ်(၂)နယ်မြေအုပ်ချုပ်ရေးမှူးရုံး မရှိသေးသဖြင့် မြို့နယ်အဆင့်၏ ညှိနှိုင်းချက်အရ အဆောက်အဦတောင်ဘက်ခြမ်း(၃)ပင် (၂)ခန်းကို တစ်လ(၅၀၀၀)ကျပ်ဖြင့် (၆)လတစ်ကြိမ် စာချုပ်ချုပ်ဆို၍ ခေတ္တငှားရမ်းခြင်းနှင့် မြောက်ဘက်ခြမ်း(၃) ပင် (၂) ခန်းကို အများပြည်သူ ကျန်းမာရေးစောင့်ရှောက်မှုပြုနိုင်ရန် ယင်းသမဝါယမအသင်း၏ အသင်းသားဖြစ်သူ ဒေါက်တာ ခင်မောင်ကြည်နှင့်ဇနီး ဒေါ်သန်းသန်းဌေးတို့အား အသင်းမှ တစ်လလျှင်(၄၀၀၀၀) ကျပ်ဖြင့် (၆)လ တစ်ကြိမ် စာချုပ်ချုပ်ဆို၍ ငှားရမ်းပါသည်။ ငှားရမ်းခရငွေများကို အသင်းငွေစာရင်းတွင် ထည့်ဝင်ထားပါသည်။

(ဃ) ရရှိသောငွေများကို အသင်းပိုင်အဆောက်အဦ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခြင်းများအတွက် ပြန်လည်ပြုပြင်ခြင်း၊ စည်ပင်ခွန်ဆောင်ခြင်း၊ မီးအာမခံထားခြင်းနှင့် အခြားကုန်ကျစရိတ်များအတွက် သုံးစွဲပါသည်။

(င) (၂၀၁၇ - ၂၀၁၈) ဘဏ္ဍာရေးနှစ်တွင် အသားတင်အမြတ် (၃၄၆၁၇၅) ကျပ်ဖြစ်၍ အသင်းပိုင်ငွေ (၁၄)သိန်းကို မွေး/ရေဘဏ်တွင် အပ်နှံထားရှိပါသည်။

သို့ပါ၍ မကွေးတိုင်းဒေသကြီးအတွင်းရှိ ၁၉၉၂ခုနှစ်၊ သမဝါယမအသင်းဥပဒေအရ ဖွဲ့စည်းမှတ်ပုံတင်ထားသော ရပ်ကွက်/ကျေးရွာအဆင့်ရှိ အခြေခံသမဝါယမအသင်းများ၊ မြို့နယ်အဆင့်ရှိ မြို့နယ်သမဝါယမအသင်းစုများ၊ တိုင်းဒေသကြီးအဆင့်ရှိ တိုင်းသမဝါယမအသင်းစုချုပ်တို့မှ အဆင့်ဆင့်ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ သက်ဆိုင်ရာသမဝါယမအသင်းများမှ အသင်းစည်းကမ်းဥပဒေပါအချက်များအတိုင်း အသင်းဝင်/ အသင်းသားများ၏ လူမှုစီးပွားရေးဖွံ့ဖြိုးရေးအတွက် အသင်းပိုင်/ CDRF စာရင်းဝင်ငွေ/ပစ္စည်းများအား ၁၉၉၂ခုနှစ်၊ သမဝါယမအသင်းဥပဒေ၊ ၂၀၁၃ ခုနှစ် သမဝါယမအသင်းနည်းဥပဒေများနှင့်အညီ အမှုဆောင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်၊ အရပ်ရပ်ဆိုင်ရာအစည်းအဝေး ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်ရပါသည်။ ထို့ပြင် သမဝါယမဦးစီးဌာနအဆင့်ဆင့်မှ သမဝါယမအသင်းများ (NGOs)အား ဖွဲ့စည်းခြင်း(Organizing)၊ ပညာပေးခြင်း (Educating)၊ ထိန်းကျောင်းတည့်မတ်ခြင်း (Regulating)နည်းလမ်း(၃)ရပ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။